ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာ

သာသနာတော်နှစ် ၂၅၆၇ ခုနှစ်

၂၀၂၃ခုနှစ်၊ မေလ ၃ ရက်

၁။ ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ အလေးအမြတ်ထားရာ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သလို ဗုဒ္ဓသက္ကရာဇ် ၂၅၆၇ ခုနှစ်သို့ ကူးပြောင်းရောက်ရှိရာ နေ့တစ်နေ့လည်းဖြစ်ပါသည်။ ဤမွန်မြတ်သော နေ့ထူးနေ့မြတ် အချိန်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း မေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၂။ ဗုဒ္ဓနေ့တွင် အလောင်းတော်ဖွားမြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ကိုရရှိခြင်း၊ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းဟူသော ဖြစ်စဉ်များသည် ကဆုန်လပြည့်နေ့တွင်သာ တိုက်ဆိုင်စွာ ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် အလွန်ထူးခြားသော နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါသည်။ လောကတွင် အကြောင်းအကျိုးမှ လွတ်ကင်းပြီး မည်သည့်အရာမျှ ဖြစ်ပေါ်ခြင်းမရှိကြောင်း လက်တွေ့ကျင့်ကြံသိရှိတော်မူခဲ့ပါသည်။

၃။ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကို ရရှိတော်မူပြီး နှစ်လအကြာ ဝါဆိုလပြည့်နေ့မှ စတင်ကာ သူ၏ အယူဝါဒများကို လောကတခွင် ပျံ့နှံ့အောင် ကြိုးစားတော်မူခဲ့ပါသည်။ သံသရာမှ လွတ်မြောက်ရာလမ်းကို မိမိကိုယ်တိုင်လည်း ရရှိအောင် ကြိုးစားအားထုတ်ခဲ့သလို သတ္တဝါအများကိုလည်း ထိုလမ်းကို ကောင်းမွန်စွာ လျှောက်လှမ်းနိုင်အောင် လမ်းညွှန်ပြသခဲ့ပါသည်။ ရှေ့ဆောင်ပြီး ကိုယ်တိုင်ကျင့်ကြံခဲ့သလို အများကိုလည်း ကျင့်ကြံစေခဲ့ပါသည်။ မိမိသွားလိုသော၊ မိမိရယူလိုသောအရာကို ကိုယ်တိုင်ရယူမှသာ အောင်မြင်ရယူပိုင်ဆိုင်နိုင်ကြောင်းကို လက်တွေ့အားဖြင့် ကိုယ်တိုင်ကျင့်ကြံကာ ဟောကြားတော်မူခဲ့ပါသည်။

၄။ ထို့ကြောင့် မိမိတို့လိုလားတောင့်တအပ်သော နိုင်ငံတော်သစ်ကို ကြိုးပမ်းရာတွင် မြန်မာပြည်သူ၊ ပြည်သားများ၏ ကြိုးစားအားထုတ်မှုသာ အဓိကကျသည်မှာ ဧကန်မလွဲပင်ဖြစ်ပြီး ပြည်သူများ၏ မဆုတ်မနစ်တိုက်ပွဲဝင်မှုများကြောင့် ယခုဆင်နွှဲနေသော နွေဦးတော်

လှန်ရေးသည် မုချကေန်အောင်မြင်မည်ဖြစ်ပါသည်။ နွေဦးတော်လှန်ရေးတွင် ပါဝင်ရင်း အသက်ပေးလှူသွားကြသော မြန်မာနိုင်ငံသူနိုင်ငံသားများ မြင့်မြတ်ရာ ဘုံဌာနတွင် ရောက်ရှိ ခံစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ကဆုန်လပြည့် (ဗုဒ္ဓနေ့) အခါသမယတွင် ဗုဒ္ဓမြတ်စွာ၏ စံနမူနာပြုထိုက်သော အကျင့်တရားများကို ကျင့်ကြံအား ထုတ်ပွားများနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ